Myanmar Cultural Research Society

# လေးလတာအပစ်ရပ် ကာလ
# သုံးသပ်ချက်

၂၀၁၉၊ မေ

ပဋိပက္ခလေ့လာမှု အစီအစဉ်

ဖြစ်ရပ်လေ့လာမှု စာတမ်း အမှတ် (၂)

## နိဒါန်း

ဤလေ့လာမှုသည် မြန်မာ့တပ်မတော်မှ လေးလတာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည့် ၂၀၁၈ခုနှစ် ဒီဇင်ဘာလ (၂၁)ရက်နေ့မှ စတင်၍ လေးလပြည့်မြောက်သည့် ၂၀၁၉ခုနှစ် ဧပြီလ (၃၀) ရက်နေ့ကာလအတွင်း အခြေအနေများကို လေ့လာသုံးသပ်ထားခြင်း ဖြစ်ပါသည်။ လေ့လာမှုကို ပြုရာတွင် မြန်မာ့တပ်မတော်မှ အခါအားလျော်စွာ ပြုလုပ်ခဲ့သော သတင်းထုတ်ပြန်မှုများနှင့် သတင်းစာရှင်းလင်းပွဲများမှ ရရှိသည့် အချက်များကိုလည်းကောင်း၊ ထိုအချက်များနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ပြန်လည်တုံ့ပြန်ချက်များနှင့် ထုတ်ဖော် ပြောကြားချက်များကို နေ့စဉ်ထုတ်သတင်းစာများ၊ သတင်းဝက်ဘ်ဆိုက်များမှ အချက်များကိုလည်းကောင်း အခြေခံ၍ သုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရာနယ်မြေများတွင် ပါဝင်ခဲ့ခြင်း မရှိသော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ (ရခိုင်ပြည်နယ်)နှင့် ပတ်သက်သော အချက်အလက်များသည် ဤလေ့လာမှုတွင် ပါဝင်ခြင်း မရှိပါ။ ဤလေ့လာ သုံးသပ်မှုကို ပြုရာတွင် ငြိမ်းချမ်းရေးဆိုင်ရာ သမိုင်းစဉ်တလျှောက်မှ အခြေအနေများနှင့် ခေတ်ပြိုင်ဖြစ်ရပ်များပေါ်တွင် အခြေခံ၍ ပြည်သူတရပ်လုံး လိုလားတောင်းတလျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက် လိုအပ်သော အချက်များကို ဖော်ထုတ်နိုင်ရန် ကြိုးစားထားပါသည်။

ကမ္ဘာ့အရှည်အကြာဆုံး ပြည်တွင်းစစ်ကြီးအဖြစ်သတ်မှတ်ခံရသည့် မြန်မာနိုင်ငံပြည်တွင်းစစ်ကြီးသည် ၂၀၁၉ခုနှစ် အထိ ဆိုလျှင် နှစ်ပေါင်း(၇၁)နှစ် ကျော်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့သော ဖွားဘက်တော် အဖြစ်ပင် သရော်လှောင်ပြောင်ခြင်း ခံခဲ့ရသည်။ အဆိုပါပြည်တွင်းစစ်သည် အဘယ့်ကြောင့် ဖြစ်ပေါ်လာရသနည်း။ အဘယ်ကြောင့် ယနေ့အချိန်ထိ မငြိမ်းချမ်းနိုင်ပါသေးသနည်းဆိုသည့် အချက်များမှာ ငြိမ်းချမ်းရေးလိုလားသူ ပြည်သူအများက မထောက်မညှာ အမှန်အတိုင်းကြည့်၍ ပကတိတရားအပေါ်မှ ရှုမြင်ဆင်ခြင်ကြည့်သင့်သည်။

အဘယ့်ကြောင့် ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်ခဲ့ရသနည်းဆိုသော အချက်နှင့်ပတ်သက်၍ အကြောင်းအချက် များစွာရှိသည့် အနက် အဓိကအကျဆုံး အချက်နှစ်ချက်ရှိပါသည်။ ပထမအချက်သည် နိုင်ငံရေးစနစ် အယူအဆ ကွဲလွဲချက်ပေါ် အခြေခံ၍ လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပေးထားချက်များအပေါ် အခြေခံ၍လည်းကောင်း ပြည်တွင်းစစ် ဖြစ်ပေါ် လာရခြင်းပင်ဖြစ်သည်။ တနည်းပြောရသော် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန် ဆောင်ရွက်ရာတွင် ရင်ဆိုင်ခဲ့ရသည့် အားနည်းချက်များအပေါ် အခြေခံ၍ ဖြစ်ပေါ်လာရခြင်းပင် ဖြစ်သည်။

ပြည်တွင်းစစ်အစကို ၁၉၄၈ခုနှစ် မတ်လ(၂၈)ရက်နေ့ ဗမာပြည်ကွန်မြူနစ်ပါတီက လက်နက်ကိုင် တော်လှန်ရေး စတင် ဆင်နွှဲသည့် အချိန်မှစသည်ဟု ပြောစမှတ်ပြုခဲ့ကြပါသည်။ ဗကပတို့၏ လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့မှုကို နိုင်ငံရေးသဘောတရား မတူကွဲပြားခြင်းကြောင့် ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်ပါသည်။ မည်သူမှန်သည်/မှားသည် တို့နှင့် ပတ်သက်သည့် အမြင်သဘောထားများမှာ ဤလေ့လာမှု၏ နယ်ပယ်အတွင်း ပါဝင်ခြင်း မရှိပေ။ ထို့နောက် ဩဂုတ်လ (၇) ရက်နေ့တွင် KNDOနှင့် ကရင်စစ်ရဲတပ်ဖွဲ့များသည် အိမ်မဲမြို့နှင့် မအူပင်မြို့များကို ဝင်ရောက် တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်းတွင် ပြည်နယ်ရရှိရေးကို အခြေပြု၍ ကရင်အမျိုးသားများ၏ လက်နက်ကိုင်တော်လှန်ရေး သည်လည်း စတင်ခဲ့ပါသည်။ ဤကား ဖက်ဒရယ်ပြည်နယ်ကိစ္စဟုဆို နိုင်ပါသည်။ အဆိုပါနှစ်ချက်သည် မြန်မာ့ပြည်တွင်း စစ်ကို ဖြစ်ပေါ်စေရာ ကနဦးအစပင်ဖြစ်ပါသည်။

"စစ်ဆိုသည်မှာ စရန်လွယ်သလောက် အဆုံးသတ်ရန်ခက်ခဲသည်" ဆိုသည့် စကားအတိုင်းပင်။ ယနေ့အထိမြန်မာ ပြည်၏ ပြည်တွင်းစစ်ကားမငြိမ်းနိုင်သေးပေ။ လွတ်လပ်ပြီးစ ဖဆပလအစိုးရ လက်ထက်တွင်လည်း ပြည်တွင်းငြိမ်းချမ်း ရေးရရှိရန် လုပ်ဆောင်ခဲ့၏။ သို့သော် ထင်သလောက် မအောင်မြင်ခဲ့ချေ။ ဖဆပလ ဝန်ကြီးချုပ်ဦးနုက "ခြေနှစ်ခြေ"မူအပေါ် အခြေခံ၍ ငြိမ်းချမ်းရေးကိုဖိတ်ခေါ်ခဲ့သည်။ ဆွေးလည်းဆွေးနွေးခဲ့ကြသည်။ ထိုအချိန်က ဦးနု၏"ခြေနှစ်ခြေ"မူကို စစ်တပ်က လက်မခံခဲ့ဟု ဗိုလ်ချုပ်မောင်မောင်က အိမ်စောင့်အစိုးရကာလ မှတ်တမ်းတွင် အတိအလင်းဖေါ်ပြခဲ့သည်။ ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီး နောက်ပိုင်းတွင်လည်း ၁၉၆၃ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲအဖြစ် ခေါ်ယူခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီအပါအဝင် KNU/KNDO၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကေအိုင်အေ၊ ကွန်မြူနစ် ပါတီ (ဗမာပြည်) (အလံနီ)၊ ကရင်တော်လှန်ရေးကောင်စီ၊ ရှမ်းပြည်လွတ်လပ်ရေးတပ်၊ ရှမ်းပြည်လွတ်မြောက်ရေး တပ်ပေါင်းစု နှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ပြည်တွင်းစစ်ရပ်စဲရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရရှိပဲ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့များသာ တဖွဲ့ပြီးတဖွဲ့ တိုးပွားလာသည်ကိုသာတွေ့ရသည်။ ယခုအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းပေါင်း(၂၀)ခန့် ရှိနေပေသည်။ ဖဆပလကာလ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေး ပွဲသည် သင့်တင့်လျောက်ပတ်သော အနေအထားရှိသော်လည်း တပ်မတော်ထိပ်ပိုင်း ခေါင်းဆောင်အချို့ကြောင့် ပျက်ခဲ့ ရသည်။ တော်လှန်ရေးကောင်စီကာလ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာမူ ဆိုရှယ်လစ်ပါတီ တစ်ပါတီစနစ်အောက် ဆွဲယူ သွတ်သွင်းခြင်းကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲမှာ မအောင်မြင်ပဲ ပျက်ပြားခဲ့ရပေသည်။

၁၉၈၈ခုနှစ် လူထုအရေးတော်ပုံဖြစ်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပြိုကွဲပျက်သုဉ်းသွားခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက် ဖဆပလခေတ်တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ခဲ့သလို၊ စစ်တပ်မှအာဏာသိမ်းယူပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်လည်း ငြိမ်းချမ်းရေးရအောင် မတည်ဆောက်နိုင်ခဲ့ပါ။ ဖဆပလခေတ်ထဲတွင် စစ်တပ်မှအာဏာသိမ်းယူပြီး လက်ဝဲညီညွတ်ရေးလုပ်ရန် ကြံရွယ်ခဲ့သော ဗိုလ်ချုပ်နေဝင်းသည် သူဦးဆောင်သော မဆလခေတ်တွင်လည်း မည်သည့်ညီညွတ်ရေးမှ မလုပ်နိုင်ခဲ့ပါ။ **ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ခြင်းထက် စစ်ဘောင်ကျယ်အောင်သာ ချဲ့ထွင်လာခဲ့သည်ကို** တွေ့ရပါသည်။

ပြည်တွင်းစစ်ဖြစ်လေ စစ်တပ်၏ လွှမ်းမိုးအုပ်ချုပ်နိုင်မှုမှာ ကြီးမားလေလေ ဖြစ်သည်။ **ပြည်တွင်းစစ်ချုပ်ငြိမ်းသည်နှင့် စစ်တပ်၏ လက်ဝါးကြီးအုပ်မှု လျော့ပါးသွားမည်ကို စိုးရွံ့ပုံရှိသည်ကို တွေ့ရသည်။** ထို့ကြောင့် တပ်မတော် ထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရယူလိုဟန်မရှိ။ ပြည်တွင်းစစ်ကိုသာ ဆက်လက်မွေးမြူထားလိုဟန်ပင် ရှိသည်။ ဤနည်းဖြင့် စစ်အာဏာရှင်လွှမ်းမိုးမှုကို နှစ်ပေါင်း(၇၀)ကျော်တည်ဆောက်၍ စစ်ဘောင်ကိုချဲ့ထွင်ကြသည်ဟု နိုင်ငံရေးလေ့လာသူပညာရှင်များက ဝေဖန်သုံးသပ်ခဲ့ကြသည်။

၁၉၈၈ခုနှစ်အရေးတော်ပုံပြီးသည့်နောက် နဝတ၊ နအဖခေတ်သို့ ရောက်ရှိခဲ့သည်။ စစ်တပ်မှ အတိအလင်း အာဏာရယူထားသော ကာလဖြစ်သည်။ ထိုကာလတွင် ထူးခြားဖြစ်စဉ်တချို့ ရှိခဲ့သည်။ ထိုဖြစ်စဉ်မှာ ပြည်တွင်းစစ်၏ အစကနဦးအဖြစ် သတ်မှတ်ခံရသော ဗမာပြည်ကွန်မြူနစ်ပါတီ ပြိုကွဲသွားခဲ့ခြင်းပင်ဖြစ်သည်။ ဦးစွာပထမ ဗကပကို ကိုးကန့် တို့မှ ခြားနားခဲ့ကြသည်။ ထို့နောက် ဝ တို့ခွဲထွက်သွားခဲ့သည်။ ဗကပတို့၌ လက်နက်ကိုင်အင်အားစုများမရှိတော့။ ဗကပမှ ခွဲထွက်အဖွဲ့များအား နဝတအဖွဲ့က "ငြိမ်းချမ်းရေးအဖွဲ့"ဆိုသော ဝေါဟာရဖြင့် သိမ်းသွင်းစေ့စပ်ခဲ့ကြသည်။ ထိုအဖွဲ့များမှာလည်း ကာလတခုသာ ကြာမြင့်ပြီးနောက် ယခင်အတိုင်းပြန်လည်၍ စစ်တပ်နှင့်တိုက်ပွဲများ တကျော့ပြန်လည် ဖြစ်ပွားလာခဲ့သည်။

ဤသို့ငြိမ်းချမ်းရေးဟု သမုတ်ထားသောအဖွဲ့များ ပြန်လည်လက်နက်ကိုင်သွားကြသည်မှာ မူလကပင် တိကျခိုင်မာသော မူဝါဒမရှိပဲ အလိုလိုက် အကြိုက်ဆောင်ဦးစားပေးပြီး အသွင်အပြင်သဘောအရ ယာယီပြေလည်ယုံသာ လုပ်ဆောင်ခဲ့ ဟန်ရှိပါသည်။ ထို့အပြင် ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် BGFခေါ် နယ်ခြားစောင့်တပ် များအဖြစ် "ငြိမ်းချမ်းရေး" ခွဲထွက်အဖွဲ့များအား သွတ်သွင်းရာမှ လက်မခံနိုင်သော အုပ်စုများက လက်နက်မစွန့်ပဲ ပြန်ကိုင် လာကြခြင်းများလည်း ရှိခဲ့သည်။ ဝ တပ်ဖွဲ့များကမူ လက်နက်လည်းမစွန့် ကိုင်ထားမြဲ ကိုင်ထားဆဲပင် ဖြစ်သည်။ ထို့အပြင် ဝ ပြည်အဖြစ်တရားဝင် ကြေညာ၍ ဗဟိုအုပ်ချုပ်မှုနှင့် ကင်းစွာနေထိုင်ခဲ့သည်ကိုတွေ့မြင်နိုင်ပါသည်။

အထက်ပါအချက်လက်များကို ကြည့်ခြင်းဖြင့် ဖဆပလခေတ်၊ မဆလခေတ်၊ နဝတ၊ နအဖခေတ်ဟူ၍ လွတ်လပ်ရေးရပြီးနောက် ခေတ်တိုင်းတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မှုမှာ မအောင်မြင်ခဲ့ဟုသာ ဆိုရမည်ဖြစ်ပါ သည်။

ဖဆပလနှင့် မဆလခေတ်တို့တွင် ဝါဒရေးရာနှင့် ဖက်ဒရယ်မူအပေါ် အဓိကညှိနှိုင်းရန်ဖြစ်သော်လည်း နဝတ၊ နအဖခေတ်နောက်ပိုင်း ယနေ့အရပ်ဘက်တပိုင်း အုပ်ချုပ်ရေးခေတ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဖက်ဒရယ်မူအပေါ် အခြေခံ၍သာ ပြည်တွင်းငြိမ်းချမ်းရေးကို ညှိနှိုင်းဖြေရှင်းရမည်သာ ဖြစ်ပေသည်။

**ရွေးကောက်ခံအစိုးရ၏ ပထမသက်တမ်းငြိမ်းချမ်းရေး**

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးနောက်ပိုင်း အချို့သောငြိမ်းချမ်းရေးအဖွဲ့များသည် BGF (နယ်ခြားစောင့်တပ်)အဖြစ် လက်မခံနိုင်သည့်အတွက်၊ ပြန်လည်လက်နက်ကိုင်ခဲ့ကြောင်း ရှေ့မှာတင်ပြခဲ့ပြီးပါပြီ။ ထိုနောက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၀ခုနှစ် နိုဝင်ဘာလ (၇)ရက်မှာကျင်းပခဲ့သည်။ ထိုကာလ တွင် အဓိကအတိုက်ခံပါတီဖြစ်သော ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ရွေးကောက် ပွဲ မဝင်ခဲ့ကြပေ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်မှာလည်း နေအိမ်အကျယ်ချုပ်ကျနေရချိန် ဖြစ်သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မဲအများဆုံးရပြီး ဦးသိန်းစိန် သမ္မတအဖြစ် ဦးဆောင်ကာ အစိုးရအဖွဲ့ကိုဖွဲ့နိုင်ခဲ့သည်။ ဤအချိန်မှာ ၁၉၆၂ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ရွေးချယ်တင်မြှောက်ပွဲဖြင့် အစိုးရတရပ်ကို တကျော့ပြန်လည် ဖွဲ့စည်းနိုင်ခြင်း ဖြစ်သည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်အရ ပြည့်ဝသော အရပ်သားအစိုးရ အုပ်ချုပ်ရေး ကား ဖြစ်မလာခဲ့ပေ။

ဦးသိန်းစိန် သမ္မတအဖြစ် ဦးဆောင်သော အစိုးရအဖွဲ့သည် ၂၀၁၁ခုနှစ် ဩဂုတ်လ (၁၈)ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား စတင်၍ ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့သည်။ တပြိုင်တည်း ပြည်ထောင်စုငြိမ်းချမ်းရေးကော်မတီ (UPC)၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် မြန်မာ့ငြိမ်းချမ်းရေးစင်တာ(MPC) တို့ကို ဖွဲ့စည်း၍ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ထပ်မံကြိုးစားကြပြန်ပါသည်။ သို့သော် ယနေ့အချိန်ထိ မပြေလည်နိုင်သေး။ တိုက်ရင်းဆွေးနွေး၊ ဆွေးနွေးရင်းတိုက်ဆိုသကဲ့သို့ပင်။ ဦးသိန်းစိန်လက်ထက်တွင် NCAကို လက်မှတ်ထိုးရေးအတွက် မူဘောင်ချခဲ့သည်။ NCA ဖြစ်လာရန် ၁၇လအကြာ ညှိနှိုင်းရေးဆွဲခဲ့ကြသည်။ လိုင်ဇာညီလာခံအပြီး ၂၀၁၅ခုနှစ် မတ်လ ထဲ၌ မူကြမ်းကို လက်မှတ်ထိုးခဲ့ကြသည်။ ထိုညီလာခံမှ "တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ညှိနှိုင်းရေး အဖွဲ့ (NCCT)" ကို ဖွဲ့စည်းခဲ့ပြီး NCA စာချုပ်ကိုတော့ ၂၀၁၅ခုနှစ် အောက်တိုဘာလ (၁၅)ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၈)ဖွဲ့တို့က လက်မှတ်ထိုးနိုင်ခဲ့ပါသည်။

လက်မှတ်ထိုးသောအဖွဲ့များမှာ (၁) ကရင်အမျိုးသားအစည်းအရုံး(KNU)၊ (၂) ကရင်ငြိမ်းချမ်းရေးကောင်စီ (KPC)၊ (၃) ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော် (DKBA)၊ (၄) ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ (၅) ရခိုင်လွတ်မြောက်ရေးပါတီ(ALP)၊ (၆) ချင်းအမျိုးသားတပ်ဦး (CNF)၊ (၇) ပအိုဝ်အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)၊ (၈) မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)တို့ဖြစ်သည်။ SSPPမှာ ပြည်နယ်အ ဆင့်၊ ပြည်ထောင်စုအဆင့် လက်မှတ်ထိုးထားသော်လည်း NCA ကိုမူ မထိုးရသေးပေ။ ဝ ပြည်သွေးစည်းညီညွတ်ရေး အဖွဲ့ UWSA မှာလည်း ယခင်သဘောတူညီချက်ရှိပြီးဖြစ်သောကြောင့် NCAတွင် လက်မှတ်ထိုးရန်မလိုဟုဆို ပါသည်။

NCA စာချုပ်ချုပ်ဆိုရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာနိုင်ရေးအတွက် ဖြစ်သည်ဟု လက်မှတ်ထိုးခဲ့ကြသူ အပေါင်းကယုံကြည်ခဲ့ကြပါသည်။ ထို့မှတဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တက်လှမ်းကြရန် ဖြစ်သည်။ ထိုသို့သောဆွေးနွေးပွဲများအကြိမ်ကြိမ် ကျင်းပခြင်းဖြင့် ပြည်တွင်းစစ်ကိုချုပ်ငြိမ်းစေမည့် "ပြည်ထောင်စုအဆင့် သဘောတူစာချုပ်" သို့တက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ဟန်ရှိပါသည်။ သို့သော် အကြောင်းပြချက်အမျိုးမျိုးဖြင့် ပြည်တွင်းစစ်ကား ချုပ်ငြိမ်းမသွားသေးသကဲ့သို့ အပစ်ရပ်ခြင်းမရှိသည့်အပြင် သေနတ်သံတို့ ပိုမိုပြင်းထန် လာခဲ့ကြပြန်ပါသည်။ NCAစာချုပ်တွင် တိုင်းရင်းသားအဖွဲ့(၈)ဖွဲ့ လက်မှတ်ထိုးနိုင်ခဲ့သော်လည်း (၅)နှစ်တာသက်တမ်းတလျှောက်လုံး ဆွေးနွေးပွဲများဖြင့်သာ အချိန်တွေကုန်လွန်ခဲ့သည်ဟု ဝေဖန်သုံးသပ်မှုများရှိခဲ့ပါသည်။ သို့သော်လည်း အပစ်အခတ်ရပ်စဲရေး NCAစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်ပေါ်မှုသမိုင်းတွင် ပထမဆုံးသော အောင်မြင်မှု တခုဟုယူဆနိုင်ပါသည်။ ယခင်က ဤအဆင့်ထိပင် ရောက်ရှိခဲ့ခြင်းမရှိဟု အကောင်းဘက်မှ ရှုမြင်သည်လည်း ရှိပါသည်။

သမ္မတဟောင်းဦးသိန်းစိန်လက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်ပေါ်ပေါက်ခဲ့သည်။ သို့သော် ၂၀၁၅ခုနှစ် ရွေးချယ်တင်မြှောက်ပွဲ၌ ဦးသိန်းစိန်ဦးဆောင်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရှုံးနိမ့်သွားပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေအဖွဲ့ချုပ်ပါတီက မဲအများဆုံး ရရှိသောကြောင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ NLDဦးဆောင်သော အစိုးရတက်လာပြီးနောက် "၂၁ ရာစုပင်လုံ"ဟု အမည်ပြောင်းကာ ငြိမ်းချမ်းရေး အသွင်သဏ္ဍာန်သစ်တခု ပေါ်ထွက်လာပါခဲ့သည်။

## ၂၁ရာစုပင်လုံဆွေးနွေးပွဲ

NLD အစိုးရတက်လာပြီး "ဒုတိယပင်လုံ"ဆိုသောအမည်အစား "၂၁ရာစုပင်လုံ"အဖြစ် ပြောင်းလဲခဲ့သည်။ ၂၁ရာစုပင်လုံဆိုသည်မှာ ဖက်ဒရယ်ပြည်ထောင်စုကို ရည်ညွှန်းလိုဟန်ရှိပါသည်။ NLD အစိုးရတက်ပြီးနောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အသစ်ပြင်ဆင် လုပ်ဆောင်ခဲ့ပါသည်။ ဦးသိန်းစိန်လက်ထက်က ဖွဲ့စည်းခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးကော်မတီ(UPC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)၊ မြန်မာငြိမ်းချမ်းရေးစင်တာ(MPC)တို့ကို ဖျက်သိမ်းလိုက်တော့သည်။ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံနေရာတွင် ၂၁ရာစုပင်လုံဖြင့် အစားထိုးလိုက်တော့သည်။ ဤသို့ အချို့သောအဖွဲ့အစည်းများကို ဖျက်သိမ်းခြင်း၊ အစားထိုးခြင်းတို့ကို ပြုလုပ်ခဲ့သော်လည်း တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA)နှင့် ၎င်း၏သဘောတူညီချက်အရဖွဲ့ စည်းခဲ့သော ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)တို့ကို ဆက်လက် အသိအမှတ် ပြုခဲ့သည်ကိုတွေ့ရသည်။ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲအပြီး စတင်မည်ဖြစ်သော နိုင်ငံရေး ဆွေးနွေးမှုများကို အဓိက ဆောင်ရွက်ရန်အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ NCA တွင်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်များ၊ နိုင်ငံရေးပါတီများဖြင့် သုံးပွင့်ဆိုင်ပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကိုလည်း ဖွဲ့စည်းခဲ့သည်။ UPDJC တွင် ဒေါ်အောင်ဆန်းစုကြည်မှ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။

အစိုးရသစ်လက်ထက် ဧပြီလတွင်အာဏာလက်ခံပြီးနောက် ဧပြီ(၂၇)ရက်နေ့တွင် JMC-Uတို့ နှင့်ပထမအကြိမ်တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ထိုပွဲတွင်ဒေါ်အောင်ဆန်းစုကြည်က အားလုံးပါဝင်ရေးကို ဦးတည်ကြောင်း၊ ငြိမ်းချမ်းရေးညီလာခံများမှတဆင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတခု ထူထောင်ရေးကို ဦးတည်ကြောင်း ပြောခဲ့သည်။ ၂၁ရာစုပင်လုံနှင့် ငြိမ်းချမ်းရေးလုပ်ငန်းအားလုံးကို ဒေါ်အောင်ဆန်းစုကြည်မှ တိုက်ရိုက် ကိုင်တွယ်မည်ဟု ဆိုပါသည်။ ထို့နောက်မေလထဲတွင် ယခင်ကဖွဲ့စည်းခဲ့သော MPCကို ဖျက်သိမ်း၍ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC) ကိုဖွဲ့စည်းကာ ဒေါက်တာတင်မျိုးဝင်းကို ဦးဆောင်စေခဲ့ပါသည်။

ဤနေရာတွင် တပ်မတော်၏သဘောထားကိုလည်း ထည့်သွင်းပြောကြားရန်လိုမည်ဖြစ်သည်။ တပ်မတော်ကလည်း မေ(၁၃)ရက်နေ့တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီနှင့် တွေ့ဆုံရာတွင် ၂၁ရာစုပင်လုံကို တပ်မတော် အနေဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်သွားမည်ဟု ကာကွယ်ရေးဦးစီးချုပ်မှ ပြောခဲ့ပါသည်။ သို့သော် ဒို့တာဝန်အရေး သုံးပါးကိုတော့ အထိပါးခံမည်မဟုတ်ဟုဆိုခဲ့ပါသည်။ ထို့အပြင် ဒုတိယဗိုလ်ချုပ်ကြီးမြတ်ထွန်းဦးကလည်း "ကိုးကန့် MNDAA၊ တအန်း(ပလောင်)အဖွဲ့ (TNLA)၊ ရက္ခိုင့်တပ်မတော် (AA) တို့သည် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖယ်သူများဖြစ်ကြောင်း။ သို့ဖြစ်၍ ယင်းအဖွဲ့တို့ကို ငြိမ်းချမ်းရေး ဆွေးနွေးရေးအတွက် ဖိတ်ရန်မသင့်ကြောင်း။ ၎င်းတို့နှင့်မဆွေးနွေးနိုင်ကြောင်း။ ၎င်းတို့အနေဖြင့် လက်နက်စွန့်ရန် လိုကြောင်း။" တို့ကိုပြောကြားခဲ့သည်။ ထို့အပြင် "ဝ" UWSA တို့အနေဖြင့်လည်း ယခင်

လက်မှတ်ထိုးခြင်းနှင့် မတူသောအချက်များ NCA တွင်ပါရှိသည့်အတွက် လက်မှတ်ထိုးရန် လိုအပ်ကြောင်း တို့ပြောခဲ့ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်မှ အားလုံးပါဝင်နိုင်ရေး (All inclusive) ကို ပြောခဲ့သော်လည်း မြန်မာစစ်ခေါင်းဆောင်တို့ သဘောထားအရ MNDAA၊ TNLA၊ AA တို့အနေဖြင့်မူ ပါဝင်ရန် အခွင့်မှာဝေးနေခဲ့သည်။ သို့ဆိုလျှင် အားလုံးပါဝင်နိုင်ရေးမှာ စာရွက်ပေါ်တွင်သာ ရှိနေပေသေးသည်။ ယင်းသို့ ၂၁ရာစုပင်လုံ လုပ်ဆောင်ရန် စိုင်းပြင်းနေသည့်ကာလအတွင်း ရခိုင်၊ ကချင်နှင့် ရှမ်းမြောက်ပိုင်းတို့တွင် တိုက်ပွဲများပြင်းထန်လာခဲ့ပါသည်။ ၂၀၁၆ ဧပြီလ နောက်ပိုင်းမှစ၍ ရခိုင်တွင်စစ်ပွဲများ သိသိသာသာ ဖြစ်ပေါ်လာခဲ့သည်။ ကချင်နှင့် တအန်း(TNLA)တို့နှင့် မြန်မာတပ်မတော်နှင့်လည်း တိုက်ပွဲများ ရက်ဆက်လိုလိုဖြစ်လာခဲ့သည်။

ဤအပိုင်းတွင်၂၀၁၆ခုနှစ် မတ်လ(၂၆)ရက်နေ့တွင် NCA လက်မှတ်မထိုးထားသောအဖွဲ့(၇)ဖွဲ့တို့ ဆွေးနွေးပွဲတွင် ၀ အဖွဲ့ဖြစ်သည့် UWSAမှစစ်ရေးမဟာမိတ် ဖွဲ့စည်းရေးကိုဦးတည်ပြီး တပ်ပေါင်းစု၏ ခေါင်းဆောင်မှုနေရာ တောင်းဆိုခဲ့ဖူးသည်ကို သတိချပ်သင့်သည်။ မေလ(၁၃)ရက်နေ့ မြန်မာစစ်ခေါင်းဆောင်တို့ သတင်းစာရှင်းလင်းပွဲအပြီး UNFC နှင့် UWSA တို့ ပိုမိုနီးကပ်လာသည်ကို တွေ့ရပါသည်။ သို့သော် UNFCတွင် KNU နှင့်  RCSS မပါဝင်ချေ။ နောက်ပိုင်းတွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဟုအမည်တွင်သော NCAလက်မှတ်မထိုးရသေးသည့် အဖွဲ့များပေါင်းပြီး FPNCCဟူ၍ ဖွဲ့စည်းခဲ့ကြသည်။ ထိုအဖွဲ့အစည်းတွင် ဝပြည်သွေးစည်းညီညွတ် ရေးတပ်မတော်(UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(NDAA-မိုင်းလားအဖွဲ့)၊ ရှမ်းပြည်တိုးတက် ရေးပါတီ(SSPP)၊ ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(MNDAA)၊ တအန်း (ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA)၊ ရက္ခိုင့်တပ်မတော် (AA) တို့ပါဝင်ခဲ့သည်။

အဆိုပါ FPNCC အဖွဲ့သည် ဦးသိန်းစိန်ကာလကတည်းက NCAစာချုပ်တွင် လက်မှတ်မထိုးခဲ့သော အဖွဲ့အစည်းများဖြစ်သည်။ NLD အစိုးရ တက်လာသောအခါတွင် ထိုအဖွဲ့အစည်းများက တွေ့ဆုံဆွေးနွေးရေးကို မျှော်လင့်ခဲ့သောအဖွဲ့အစည်းများဖြစ်သည်ဟု ဆိုပါသည်။ သို့သော် မြန်မာတပ်မတော်မှ ၎င်းတို့အားငြိမ်းချမ်းရေးဆွေးနွေးပွဲကို မဖိတ်သင့်ကြောင်း။ ၂၀၁၁ခုနှစ်ဦးသိန်းစိန်လက်ထက်ကတည်းက လက်နက်ကိုင်ထကြွသူတွေဖြစ်ကြောင်း။ ၎င်းတို့လုပ်ရမည်မှာ လက်နက်စွန့်ရန်ပင်ဖြစ်ကြောင်း ပြောဆိုငြင်းဆန်ခဲ့သည်ကို တွေ့ရသည်။ ဤသို့ဖြင့် တွေ့ဆုံ ဆွေးနွေးရေးမှာ နောင့်နေးနေခဲ့သည်ဟု ဆိုပါသည်။

ထိုသို့သောအခြေအနေကြားထဲတွင် အစိုးရသစ်တက်လာပြီးနောက် ၂၁ရာစုပင်လုံ၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ခုနှစ် ဩဂုတ်လ (၂၈)ရက်မှ စက်တင်ဘာ(၂)ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ဤပွဲတွင် တိုင်းရင်းသားများဘက်မှ နိုင်ငံတော်အမည်ပြောင်းရေးနှင့် ကာကွယ်ရေးဦးစီးချုပ်ကို အလှည့်ကျ ထားရှိရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ရေး တို့ တင်ပြခဲ့သည်ကို တွေ့ရသည်။ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ၂၀၁၇ခုနှစ် မေလ

(၂၄)ရက် နေ့မှ (၂၈)ရက်နေ့ထိ (၅)ရက်သာ ကျင်းပခဲ့သည်။ ထိုညီလာခံမှ NCA စာချုပ်ကို မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်ပါတီတို့မှ လက်မှတ်ထိုးခဲ့ကြသည်။ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ၂၀၁၈ ခုနှစ် ဇူလိုင်လ(၁၁)ရက်မှ (၁၆)ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ထိုညီလာခံမှ ပြည်ထောင်စုသဘောတူစာချုပ်အချက်(၃၇)ချက်ကို အစိတ်အပိုင်း(၁)နှင့် အစိတ်အပိုင်း(၂)အဖြစ်(၁၄)ချက်တို့ကို ပြည်ထောင်စုသဘောတူစာချုပ်အတွက် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပြင် စုစုပေါင်း(၅၁)ချက်ကို လွှတ်တော်တွင်အတည်ပြုချက်ရယူနိုင်ခဲ့သည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်ပါတီတို့ NCAကို လက်မှတ်ထိုးခဲ့ပြီးနောက်ပိုင်းတွင် NCA လက်မှတ်ထိုးပြီးသောအဖွဲ့မှာ စုစုပေါင်း(၁၀)ဖွဲ့အထိ တိုးလာသည်ကို တွေ့ရသည်။ ၂၀၁၈ခုနှစ် ဒီဇင်ဘာလ (၂၁)ရက်နေ့တွင် တပ်မတော်မှ စစ်တိုင်းကြီး(၅)တိုင်းအား ဧပြီလကုန်အထိ တဖက်သတ် အပစ်ရပ်စဲရေးကို ကြေညာခဲ့သည်။

**လေးလတာအပစ်ရပ်စဲရေးကာလအခြေအနေ**

၂၀၁၈ဒီဇင်ဘာ(၂၁)ရက်နေ့မှ ဧပြီလကုန်ထိ လေးလအပစ်ရပ်စဲရေးတွင် ပါဝင်သည့် စစ်တိုင်းကြီး(၅)တိုင်းမှာ (က) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ (ခ) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ (ဂ) အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ (ဃ) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ (င) တြိဂံတိုင်းစစ်ဌာနချုပ်တို့ဖြစ်သည်။ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ဖြစ်သော ရခိုင်ပြည်နယ်သည် တဖက်သတ် အပစ်ရပ်ထဲတွင် ပါဝင်ခြင်းမရှိပေ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ကြေညာချက်တွင် "NCA စာချုပ်တွင် လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းရန်အတွက် စစ်ဆင်ရေး နယ်မြေအလိုက် စစ်တိုင်းကြီး(၅)တိုင်းကို အပစ်ရပ်ဆိုင်းပေးထားမည်" ဟုပါရှိသည်။

ယင်းသို့မထုတ်ပြန်မီ ကာကွယ်ရေးဦးစီးချုပ်နှင့် သတင်းမီဒီယာကောင်စီတို့ တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ဦးစွာပြောကြားခဲ့ပါသည်။ NCA လက်မှတ်မထိုးရသေးသော အဖွဲ့များနှင့်လည်း တဖွဲ့ခြင်းအလိုက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ဆွေးနွေးသွားမည်ဟု ပါရှိပါသည်။ ထို့အပြင် အပစ်ရပ်ဆိုင်းထားသောကာလအတွင်း စစ်နယ်မြေအလိုက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနနှင့်လည်း ဆွေးနွေးသွားရန်လိုအပ်ကြောင်းတို့လည်း ပါရှိသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ငြိမ်းချမ်းရေး အခြေခံမူ (၆)ချက်အနက် (၁)သဘောတူထားသည့်စာချုပ်အတိုင်း ကတိတည်ရန်၊ (၂) ငြိမ်းချမ်းရေးသဘောတူစာချုပ်အပေါ် အမြတ်မထုတ်ရန်၊ (၃) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်၊ (၄) တို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် တို့ပါရှိပါသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် "၂၀၂၀တွင် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်ဝယ်သို့ အရောက်အပ်နှင်းမည်" ဆိုသည့်ကတိအတိုင်း လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်အကောင်အထည် ဖော်သွားမည်ဆိုသည့် အချက်များလည်း ပါရှိသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ကြေညာချက်အပေါ်တွင် ကြိုဆိုထောက်ခံသည်များရှိသလို၊ သတိထားစောင့် ကြည့်သူများလည်းရှိပါသည်။ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအတော်များများ ကြိုဆိုသည်ကိုတွေ့ရသည်။ အထူးသဖြင့် တရုတ်သံရုံးမှလည်း ကြိုဆိုကြောင်း ထုတ်ပြန်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း ကြိုဆိုခဲ့ကြသည်။ RCSS၊ KNU၊ UWSA၊ ALPတို့ကလည်း ကြိုဆိုကြောင်း ထုတ်ပြန်ခဲ့သည်။ NCAတွင် လက်မှတ်မထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တဖွဲ့ ဖြစ်သည့် KIO မှ ဒီဇင်ဘာ ၂၂ ရက်နေ့တွင်

*"စစ်တိုင်းကြီး(၅)တိုင်းအား ၄လကြာအပစ်ရပ်ပြီး လက်နက်ကိုင်များဖြင့် တစ်ဖွဲ့ခြင်း ဆွေးနွေးမည်ဟု ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်မှာ နေရာကွက်၍ ထုတ်ပြန်ခြင်းမျိုး မဟုတ်ပဲ တနိုင်ငံလုံး အပစ်ရပ်ပေးရန် တောင်းဆိုသည်။ အပစ်ရပ်ကြေညာစာတမ်းသည် ထာဝရတည်မြဲမည့် ငြိမ်းချမ်းရေးကို အထောက်အကူ ပြုလိမ့်မည်ဟု မျှော်လင့်ကြောင်း။ ပြည်တွင်းစစ်ကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းမည်ဟု KIA မှမူချထားသည့်အတိုင်း တပ်မတော် တာဝန်ရှိသူများနှင့် ဆွေးနွေးရန်ဆန္ဒရှိပါကြောင်း"* တို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထိုနည်းတူ TNLA မှ ဗိုလ်မှူးကြီး တာ့ဘုန်းကျော်မှလည်း *"မြန်မာ့တပ်မတော် ထုတ်ပြန်ချက်ကို ကျနော်တို့ သတိအနေ အထားဖြင့် ကြိုဆိုပါတယ်။ ဒါဟာကောင်းမွန်တဲ့ ခြေလှမ်းတရပ်အနေနဲ့လည်း ကျနော်တို့ မြင်ပါတယ်။ ဒါပေမယ့် အပြည့်အဝတော့ ငြိမ်းချမ်းရေးရဖို့တော့ ခက်ခဲအုံးမယ်လို့ မြင်ပါတယ်။ တချို့နေရာရပ်မယ်။ တချို့နေရာ တိုက်မယ် ဆိုတဲ့သဘောတွေ တွေ့နေရတယ်။ ကျနော်တို့ညှိနှိုင်းစရာတွေ အများကြီးရှိသေးတယ်။ တပ်မတော်ရဲ့ ထုတ်ပြန်ချက် ထဲမှာလည်းတွေ့ဖို့ဆိုတာ ပါတယ်။ တွေ့ဆုံဖို့ တာဝန်ပေးထားတဲ့ အဖွဲ့တွေလည်း တာဝန်ပေးထားတယ်ဆိုတော့ ဒီအတိုင်း အမြန်တွေ့ဆုံ ဆွေးနွေးဖို့လိုတယ်"* ဟုဆိုပါသည်။

ရခိုင်အမျိုးသားကောင်စီ၏ အထွေထွေအတွင်းရေးမှူး ဦးဇော်ထွန်းက *"၃မျက်နှာ ကြေညာချက်ဖတ်လိုက်တဲ့အခါ သတိထားဆင်ခြင်စရာတွေ အများကြီးတွေ့တယ်။ တပ်မတော်က အလျှော့ပေးမယ့် ပုံစံလို့ ကျနော်တို့ အပြောရခက်တယ်။ အခုထုတ်ပြန်ချက်ဟာ စစ်ရေး၊ သူ့ရဲ့စစ်ရေးရည်မှန်းချက်အရ ဖော်ဆောင်တဲ့ပုံစံရှိတယ်။ ဒီနေ့သူတို့က နိုင်ငံတကာဖိအား ကလည်းပြင်းထန်နေတယ်။ စစ်မျက်နှာသစ်တွေကလည်း ပေါ်လာတယ်။ မြောက်ပိုင်းသာမကပဲ အနောက်ပိုင်းမှာပါ ဖြစ်လာတဲ့ အခါကျတော့ စစ်မျက်နှာအားလုံး တပြိုင်နက်တည်းစစ်ဆင်ရေး လုပ်ဖို့အနေအထားကျတော့ သူ့အတွက် အကန့်အသတ်ကြီးလာတယ်။ အကန့်အသတ်ဘောင်ကို ပြန်ပြီးကျုံ့လိုက်တဲ့ သဘောလို့ ပြောလို့ရတယ်"* လို့ဆိုခဲ့ပါသည်။

ပအိုဝ့်လွတ်မြောက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်မြင့်ထွန်းကလည်း တပ်မတော်၏ တဖက်သတ် အပစ်ရပ်ကြေညာချက်ကို ကြိုဆိုကြောင်း ပြောခဲ့ပါသည်။ KBC၏ သိက္ခာတော်ရဆရာတော် ဒေါက်တာခလန်ဆွန်ဆွမ်ကလည်း စစ်ရှောင် အဖွဲ့များမူလနေရာပြန်ပို့ရေး၊ အစိုးရနှင့် ဆွေးနွေးရအုံးမည်ဖြစ်ကြောင်း။ တပ်မတော်ကြေညာချက်ကို ကြိုဆို ကြောင်း။ အလွန်ကောင်းမွန်သော ငြိမ်းချမ်းရေးလမ်းစဉ်တခု ဖြစ်ကြောင်း။ အခုလိုကြေညာရုံသာမက စစ်တပ်များ ဆုတ်ခွာသွားလျှင် ပိုကောင်းသည့် ငြိမ်းချမ်းရေးလမ်းကို မြင်တွေ့ရမှာဖြစ်တဲ့အတွက် ကြိုဆိုပါကြောင်းပြောသွား ခဲ့ပါသည်။ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)ကလည်း ဒီဇင်ဘာ၂၂ရက် ရက်စွဲဖြင့် *"ဒီဇင်ဘာ၂၁ရက်နေ့ တပ်မတော်၏ အပစ်ရပ် ထုတ်ပြန်ချက်တွင် ရခိုင်မပါသည့်အတွက် စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း"* ကြေညာချက် ထုတ်ပြန် ခဲ့ပါသည်။

တိုင်းရင်းသားအဖွဲ့များ အနေဖြင့် ကြေညာချက်အပေါ် စိုးရိမ်မည်ဆိုက စိုးရိမ်စရာပင်။ ဤသို့ အပစ်ရပ်ကြေညာ ပြီးနောက်(၃)ရက်အကြာတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်မ(၁၁)၊ ခမရ၂၁၉သည် ဒီဇင်ဘာလ (၂၃)ရက်နေ့၌ ရွှေမော်ရွာတွင် ညအိပ်စခန်းချရာမှ (၂၄)ရက်နေ့မနက်ပိုင်း ပြန်အထွက်တွင် TNLA (တအန်း/ပလောင်)

အဖွဲ့နှင့် တိုက်ပွဲဖြစ်ခဲ့သည်။ TNLAကမူ သူတို့စခန်းရှိရာသို့ ဗမာတပ်က ရောက်လာ၍ တိုက်ပွဲ ဖြစ်ကြသည်ဟု ဆိုပါသည်။ အဆိုပါဒီဇင်ဘာ ၂၄ရက်နေ့ မနက်ပိုင်း တိုက်ပွဲတွင် ဒေသခံများ အထိအခိုက်မရှိဟု ဆိုပါသည်။ မည်သို့ပင်ဆိုစေကာမူ အပစ်ရပ် ကြေညာပြီး(၃)ရက်အကြာတွင် ပထမဆုံးတိုက်ပွဲဖြစ်ခြင်းမှာ အပစ်ရပ်ကြေညာချက်ကို ထိခိုက်စေသည်ဟု နိုင်ငံရေး လေ့လာသုံးသပ်သူတို့က ကောက်ချက်ချခဲ့ကြပါသည်။

အမှန်မှာ ကွတ်ခိုင်နယ်မြေထဲတွင် KIA၊ TNLA၊ MNDAAတို့ လှုပ်ရှားရာ နယ်မြေတခုဖြစ်ပါသည်။ ထိုဒေသရှိ ဒေသခံပြည်သူများမှာ တပ်မတော်၏ အပစ်ရပ်ကြေညာချက်ကို ကြားနာရပြီး ဝမ်းမြောက်နေချိန်တွင် ယခုကဲ့သို့ စစ်ပွဲများ ပြန်ဖြစ်လာခြင်းကြောင့် ယခင်ကလိုပဲ စိုးရိမ်နေကြရပြန်ပါသည်။ ထိုတိုက်ပွဲဖြစ်စဉ်အပေါ် မည်သူကမှန်၍ မည်သူက မှားသည်ကို ဒေသခံတို့ ပြောဆိုရဲခြင်းမရှိတော့ချေ။ ထိုနည်းတူ အပစ်ရပ်ကြေညာချက်အပေါ်တွင်လည်း လူထုယုံကြည်မှု လျော့ပါးသွားစေသည်ကား အမှန်ပင်ဖြစ်လာခဲ့ပါသည်။

အပစ်ရပ်ကြေညာထားသော်လည်း ၂၀၁၉ခုနှစ် ဇန်နဝါရီလထဲ ရောက်သည်အထိ မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့ များနှင့် တပ်မတော်တို့ တွေ့ဆုံဆွေးနွေးရေးကားအကောင်ထည်ပေါ်လာခြင်း မရှိသေးပေ။ တိုက်ပွဲအပြင်းအထန် မရှိသော်လည်း စစ်ရေးတင်းမာမှု ရှိနေသည်ကို တွေ့ရသည်။ ဇန်နဝါရီလ(၂၅)ရက်နေ့တွင် တပ်မတော်သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ရှင်းလင်းချက် ထွက်လာခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် "ဒီဇင်ဘာလ(၂၁)ရက်နေ့မှ ဇန္နဝါရီ (၂၄)ရက်နေ့ အထိ လက်နက်ကိုင်အချင်းချင်း တိုက်ပွဲဖြစ်ပွားမှု(၁၃)ကြိမ်။ နယ်မြေကျော်လွန်လှုပ်ရှားမှု (၁၆၈)ကြိမ်။ ဆက်ကြေး ကောက်ခံမှု(၁၀)ကြိမ်။ လူသစ်စုဆောင်မှု(၂၀)ကြိမ်။ တပ်မတော်ကို ချောင်းမြောင်းပစ်ခတ်မှု (၁၀)ကြိမ်နှင့် ကားမိုင်းခွဲမှု (၂၀)ကြိမ် ဖြစ်ပေါ်ခဲ့ကြောင်း။ ဤသည်မှာ ထာဝရငြိမ်းချမ်းရေးနှင့် အပစ်ခတ်ရပ်စဲရေး ထုတ်ပြန်ချက်ကို ဖောက်ဖျက်ခြင်း ဖြစ်ကြောင်း။ ထို့ကြောင့် တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးအနေဖြင့်၊ ကတိကဝတ်ပါ သတ်မှတ်သည့် နယ်မြေအတွင်း သို့ ဖေဖော်ဝါရီလ(၁၂)ရက်နေ့ နောက်ဆုံးထား၍ ဆုတ်ခွာကြရန် ဆိုသောအချက်လည်းပါဝင်ခဲ့ပါသည်။

တပ်မတော်၏အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းမြောက်နယ်တွင် နယ်မြေကျူးကျော်မှု (၆၅)ကြိမ် ကျူးလွန်ခဲ့သည်ဆိုသော အချက်ကို TNLA ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးမိုင်းအိုက်ကျော်က *"ကျနော်တို့နယ်မြေပိုင်းခြားမှု မရှိသေးဘူး။ ကျနော်တို့လှုပ်ရှားနေကျ နေရာမှာပဲ လှုပ်ရှားပါတယ်။ တပ်ကသာ မန်းရံ၊ နမ့်စန်နဲ့ နန်းခမ်းမြို့နယ်တို့မှာ စခန်းငယ် တခုဆောက်လုပ်တာပဲရှိတယ်။"* လို့တုံ့ပြန်ချေပခဲ့ပါသည်။ ထိုနည်းတူ ကချင်(KIA)ကလည်း ကချင်နယ်မြေ အတွင်း လူသစ်စုဆောင်းတာ မရှိဘူး။ သူတို့မဟုတ်ဘူးလို့ ငြင်းဆန်ခဲ့သည်။

အပစ်ရပ်တစ်လတာ ကာလအတွင်း NCA မထိုးရသေးသော ဒေသများတွင်သာမက NCA ထိုးထားသော ဒေသများ တွင်လည်း စစ်ပွဲဖြစ်ပွားကြောင်းကို တပ်မတော်သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် *"တပ်မတော်နှင့် KNU တပ်မဟာ(၅)ကြား တိုက်ခိုက်မှု(၉) ကြိမ်ဖြစ်ပွားခဲ့သည်။ လှိုင်းဘွဲ့တွင် ဆက်ကြေးကောက်ခံမှု တစ်ကြိမ်။ တပ်မဟာ(၅)မှ တပ်မတော်အား ချောင်းပစ်မှု(၉)ကြိမ်။ မိုင်းဖြင့်တိုက်ခိုက်မှု (၂)ကြိမ်။"* တို့ကို ထုတ်ပြန်ခဲ့သည်။

ထိုထုတ်ပြန်ချက်အပေါ်တွင် ကေအန်ယူ အထွေထွေအတွင်းရေးမှူး ဖဒိုစောတာဒိုမူက *"တပ်မတော်၏ သတင်းထုတ်ပြန်ချက်မှာ စွပ်စွဲမှုသက်သက်သာဖြစ်ကြောင်း။ KNUအား ဘုံသဘောတူညီမှု မရှိသောကာလအတွင်း သဘောကွဲလွဲမှုအပေါ် အင်အားမသုံးသင့်ကြောင်း။ ဆက်ကြေးနှင့်ပတ်သက်၍ပြောရာတွင် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများစီမံခန့်ခွဲရန် ပြည်သူထံမှ သတ်မှတ်ချက်နှင့်အညီ ပံ့ပိုးမှုများ ယူခြင်းဖြစ်ကြောင်း။"* တို့ကိုပြန်လည်ရှင်းပြခဲ့သည်။ မြောက်ပိုင်းအဖွဲ့အချို့နှင့် တိုက်ခိုက်မှုရှိသော်လည်း မြောက်ပိုင်းနှင့် တြိဂံတိုင်းတို့တွင် စစ်ပွဲဖြစ်ပွားခြင်းကို မတွေ့ရပဲ တပ်သားသစ် စုဆောင်းခြင်း ကိုတွေ့ရသည်ဟု တပ်မတော်မှထုတ်ပြန်ကြေညာ ခဲ့ပါသည်။

အပစ်ရပ်ကာလ နှစ်လအကြာတွင် တပ်မတော်က ဖေဖော်ဝါရီလ(၂၄)ရက်နေ့တွင် ၂လတာအတွက် သတင်း ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အတွင်း တိုက်ပွဲ(၆)ကြိမ် ဖြစ်ပွားခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းကြားတွင် (၂၅)ကြိမ်ဖြစ်ပွားခဲ့သည်။ နယ်မြေကျော်လွန်မှု (၂၈၆)ကြိမ်။ ဆက်ကြေးကောက်ခံမှု(၂၂)ကြိမ်။ လူသစ်စုဆောင်းမှု(၃၀)ကြိမ်ထိဖြစ်ပွားခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် အပစ်ရပ်ကြေညာပြီး ဒုတိယလ၌ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်တို့ကြားတွင်မက တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းကြားတွင်လည်း တိုက်ပွဲများ သိသိသာသာ လျော့ကျသွားခဲ့သည်ဟုလည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

ဤသို့တဖက်တွင် တိုက်ပွဲများဖြစ်ခဲ့သော်လည်း မတ်လ(၁)နေ့၌ တရုတ်နိုင်ငံ၊ ရွှေလီသို့ ယူနန်အစိုးရက KBC ခေါင်းဆောင်တို့ကို ခေါ်ယူတွေ့ဆုံခဲ့ပါသည်။ ထိုတွေ့ဆုံပွဲတွင် *"တရုတ်နိုင်ငံက မြန်မာအစိုးရအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး တွန်းအားပေးနေကြောင်း။ NCA လက်မှတ်မထိုးတဲ့ အဖွဲ့တွေကိုလည်း ပါဝင်ဆွေးနွေးခွင့် မပေးဖို့ကိုလည်း တရုတ်နိုင်ငံက အကြံပြုထားကြောင်း။ KBC အနေနဲ့ကလည်း NCA ကို KIAမှလက် မှတ်ထိုးရန် တွန်းအားပေးစေလိုကြောင်း။ အကယ်၍ KIAအနေဖြင့် NCAကိုလက်မှတ်မထိုးပါက နယ်စပ်ဂိတ်များပိတ်ပြီး KIA ၏လက်နက်စက်ရုံများတွင် အကူညီပေးနေသည့် တရုတ်ပညာရှင်များကို ပြန်လည်ခေါ်သွားမည်ဖြစ်ကြောင်း တို့ကိုပြောဆိုကြောင်း"* KBC ခေါင်းဆောင် ခလန်ဆွမ်ဆန်က BBC ပြောပြခဲ့သည်ဟု ဆိုပါ သည်။

၂၀၁၉ခုနှစ် မေလ (၃)ရက်နေ့တွင် ကျင်းပသော တပ်မတော်၏ သတင်းစာရှင်းလင်းပွဲမှ သတင်းထုတ်ပြန်ခဲ့သည်။ ထိုသို့ သတင်းထုတ်ပြန်ရာတွင် တပ်မတော်သတင်းမှန် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိုးနိုင်ဦးမှ *"အပစ်ရပ်ကာလ ရက်ပေါင်း(၁၃၀)အတွင်း မိမိတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု (၅၃)ကြိမ်။ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း ဖြစ်ပွားမှု (၄၅)ကြိမ်။ တိုင်းရင်းသားလက်နက်ကိုင်များ နယ်မြေကျော်လွန်လှုပ်ရှားမှု(၄၆၉)ကြိမ်၊ ဆက်ကြေးကောက်ခံမှု(၄၂)ကြိမ်၊ လူသစ်စုဆောင်းမှု(၅၂)ကြိမ် ရှိခဲ့တယ်"* ဟု ထုတ်ပြန်ခဲ့ပါသည်။ ထိုတိုက်ပွဲများထဲတွင် KIAနှင့် မြန်မာ့တပ်မတော် ဖြစ်ပွားမှုမှာ (၁၄)ကြိမ်အထိ ဖြစ်ခဲ့သည့်အတွက် အကြိမ်ရေအများဆုံး ဖြစ်ပွားမှုဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း ဖြစ်ပွားမှုတွင် RCSS၊ TNLA၊ SSA(ဝမ်ဟိုင်း)တို့၏ ဖြစ်ပွားမှုသည်(၄၂)ကြိမ်အထိ ဖြစ်ပွားခဲ့သည်ဟု ထပ်မံ ထုတ်ပြန် ရှင်းလင်းခဲ့ပါသည်။

အပစ်ရပ်လေးလတာကာလတွင် စစ်တိုင်းကြီး(၅)တိုင်းတွင် ရခိုင်မပါဝင်သောကြောင့် ရက္ခိုင်တပ်မတော် AAနှင့် မြန်မာတပ်မတော်တို့ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း တိုက်ခိုက်မှုအကြိမ်(၁၂၀)ခန့် ဖြစ်ပွားခဲ့သည်ဟု ဗိုလ်မှူးကြီးဇော်မင်းထွန်းက ပြောခဲ့ပါသည်။ NCA မထိုးရသေးသောအဖွဲ့များနှင့် သော်လည်းကောင်း ထိုးထားသော KNU တပ်မဟာ(၅)နှင့်သော်လည်းကောင်း တိုက်ပွဲများဖြစ်ပွားခဲ့သော်လည်း "၀" ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့နှင့်မူကား အစိုးရနှင့် တိုက်ပွဲမဖြစ်ခဲ့သလို အချင်းချင်းလည်းတိုက်ပွဲမဖြစ်ခဲ့သည်ကို တွေ့ရသည်။ တိုင်းရင်းသားခေါင်းဆောင်တဦးဖြစ်သည့် စိုင်းရွှယ်လင်က *"လေးလတာ အပစ်အခတ်ရပ်စဲရေးဟာ လှည့်ကွက်တခုမျှသာဖြစ်တယ်"*ဟု သံသယစကား ဆိုခဲ့ဖူးပါသည်။

## ၄လတာအပစ်ရပ်ကာလ သုံးသပ်ချက်

လေးလတာအပစ်ရပ်ကာလကို ၂၀၁၈ခုနှစ် ဒီဇင်ဘာလ (၂၁)ရက်နေ့မှစ၍ တပ်မတော်မှ ကြေညာခဲ့သည်။ အဓိက စစ်တိုင်းကြီးငါးတိုင်းကို ကြေညာခြင်းဖြစ်သည်။ ထိုစစ်တိုင်းကြီးငါးတိုင်းတွင် NCA လက်မှတ်မထိုးရသေးသော မြောက်ပိုင်း မဟာမိတ် အဖွဲ့(၄)ဖွဲ့တို့၏ နယ်မြေများပါဝင်သည်။ ထိုလေးဖွဲ့တွင် တအောင်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (TNLA)၊ မြန်မာ အမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ရက္ခိုင့် တပ်မတော် (AA)တို့ဖြစ်သည်။ သို့သော် AA အဖွဲ့တည်ရှိရာ အနောက်ပိုင်းတိုင်းသည် အပစ်ရပ်ကြေညာချက်တွင် မပါရှိပေ။ ၎င်းလေးဖွဲ့ သည် စစ်ရေးမဟာမိတ်များပင် ဖြစ်ကြသည်။ သာဓကအဖြစ် MNDAAနှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားစဉ်က AA နှင့် TNLA တို့က MNDAA ဘက်မှ ဝင်ရောက်စစ်ကူ ပေးခဲ့ကြသည်ဟုဆိုပါသည်။

ထို့အပြင် အဆိုပါ AAနှင့် TNLAတို့သည် KIA နယ်မြေတွင် စစ်သင်တန်းဆင်းခဲ့သော အဖွဲ့အစည်းများဖြစ်သည်ဟု ဆိုပါသည်။ NCAတွင် လက်မှတ်မထိုးရသေးသော "၀" ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့သည် FPNCCဟု အတိုကောက် ခေါ်သော တိုင်းရင်းသားလက်နက်ကိုင် မဟာမိတ်အဖွဲ့တွင် ပါဝင်သောအဖွဲ့ဖြစ်သည်။ ၀ ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ သည် တိုင်းရင်းသားအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် စစ်ရေးဦးဆောင်မှု အခန်းကဏ္ဍအား တောင်းဆိုခဲ့ဖူးသည့် အချက်ကို သုံးသပ်ရာတွင်ချန်လှပ်ထား၍မရနိုင်။ အဆိုပါ FPNCC အဖွဲ့များထဲတွင် SSPP၊ UWSA၊ MNDAA၊ KIA အဖွဲ့တို့ သည် နဝတ လက်ထက်က ငြိမ်းချမ်းရေးတွင် လက်မှတ်ထိုးခဲ့ပြီး ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်လာပြီးနောက် ပြည်သူ့စစ် အသွင်မပြောင်းနိုင်သဖြင့် လက်နက်ပြန်လည်ကိုင်တွယ်ခဲ့သော အဖွဲ့များပင်ဖြစ်သည်။

## အပစ်ရပ်ကာလ နယ်မြေလုတိုက်ပွဲအခြေအနေ

အပစ်ရပ်ကြေညာခဲ့သည့် စစ်တိုင်းကြီး(၅)တိုင်းနယ်မြေအတွင်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားတို့ကြား လက်နက်ကိုင်တိုက်ပွဲပေါင်း (၅၄)ကြိမ်ဖြစ်ခဲ့သလို၊ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းတို့၏ တိုက်ပွဲပေါင်း(၄၅)ကြိမ် ဖြစ်ခဲ့ပါသည်။ မြန်မာတပ်မတော်နှင့် ဖြစ်ခဲ့တဲ့ စစ်ပွဲတွေအကြောင်း မပြောမီ၊ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းကြား နယ်မြေကျော်လွန်လှုပ်ရှားမှုတွေကို အရင်ကြည့်ရန်လိုပါသည်။ အထူးသဖြင့် RCSSနှင့် TNLA တို့၏ နယ်မြေ ကျော်လွန် လှုပ်ရှားမှုမှာ အတော်ပြင်းထန်ခဲ့ပါသည်။ ၎င်းတို့၏စစ်ပွဲသည် သမိုင်းကြောင်းနှင့် ချီပြောရမလိုပင်။ RCSSသည် NCA တွင်လက်မှတ်ထိုးထားသော အဖွဲ့ဖြစ်၍ TNLA သည် NCAတွင် လက်မှတ်မထိုးရသေးသော အဖွဲ့အစည်းဖြစ်သည်။

၂၀၁၅ခုနှစ် နိုဝင်ဘာလကုန်ပိုင်းတွင် RCSSသည် ၎င်းတို့၏စခန်းဖြစ်သော "မုန်ဟ" ဒေသစခန်းအပြင် ရွှေလီချိုင့်ဝှမ်း ခွင်သို့ ဝင်ရောက်ခဲ့သည်။ အဆိုပါရွှေလီချိုင့်ဝှမ်းခွင်သည် TNLAမှ စောစီးစွာနေရာယူ ရောက်ရှိနေသော ဒေသတခု

ဖြစ်သည်။ ထိုဒေသသို့ RCSSတို့ဝင်ရောက်လာခြင်းဖြင့် ၂၀၁၆ခုနှစ်အတွင်း တိုက်ပွဲအပြင်းထန်ဆုံး ဖြစ်ခဲ့သည်။ ထိုကာလ၏ နောက်ဆက်တွဲ ပြဿနာအဖြစ် အပစ်ရပ်ကာလတွင်လည်း တိုက်ပွဲများထပ်မံ ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။ ထိုပဋိပက္ခသည် နယ်မြေလုစစ်အသွင်မကတော့ပဲ အမျိုးသားရေး အသွင်ဆောင်လာသည်ကို တွေ့ရသည်။ TNLAက ပလောင်ပြည်နယ် တောင်းဆိုရေးအထိ ရည်မှန်းထားခဲ့ဟန်ရှိသည်ကို တွေ့လာရသည်။

ဖေဖော်ဝါရီလ ၁၇ရက်နေ့၌ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းပြောပြချက်အရ *"အပစ်ရပ်ကြေညာပြီး ၂လကြာသည်အထိ နယ်မြေလုစစ်ပွဲများ ဆင်နွှဲလျက်ရှိနေကြောင်း။ ရှမ်းမြောက်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းကြား နယ်မြေလုစစ်ပွဲတွေ ဆင်နွှဲလျက်ရှိကြောင်း။ တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့ဖြစ်တဲ့ RCSSနှင့် SSPPကြား တိုက်ပွဲများ ပြင်းထန်ခဲ့ကြောင်း။ ထို့အပြင် SSPPနှင့် TNLA ပူးပေါင်းအဖွဲ့နှင့် RCSS တို့ကြားတိုက်ပွဲများစွာဖြစ်ပွားခဲ့ကြောင်း"* တို့ကို ရှင်းလင်းတင်ပြ ခဲ့ပါတယ်။ ထိုစစ်ပွဲများဖြစ်ရာ ဒေသများအနီးဝန်းကျင်တွင် မြန်မာတပ်မတော် လက်နက်ကိုင် အဖွဲ့များ ရှိခဲ့သော်လည်း ပါဝင်ပတ်သက်မှု မရှိပဲ အပစ်ရပ်ကာလ လေးလအတွင်း ထိတွေ့မှု မဖြစ်အောင် အတတ်နိုင်ဆုံး ရှောင်ရှား လိုဟန်ရှိသည်ကိုတွေ့ရသည်။ *"ရှမ်းမြောက် စစ်ရေးပဋိပက္ခဖြစ်ပွားရာဒေသ၌ တပ်မတော်မှတပ်များ ဝင်ရောက်လှုပ်ရှား ပတ်သက်ခြင်း မတွေ့ရကြောင်း"*ဟုလည်း သုတေသနအဖွဲ့ MIPS ၏ အမှုဆောင်ဒါရိုက်တာ မင်းဇော်ဦးကသုံးခဲ့ပါသည်။

ထိုကဲ့သို့ တိုင်းရင်းသားလက်ကိုင်အချင်းချင်း နယ်လုစစ်ဆင်နွှဲနေခြင်းနှင့် ပတ်သက်၍ ရှမ်းတိုင်းရင်းသားများဒီမို ကရေစီအဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စိုင်းလိတ်ကလည်း *"တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်း ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများအား လျစ်လျူရှုမထားပဲ တာဝန်ယူဖြေရှင်းပေးပါရန် အစိုးရနှင့် တပ်မတော်ခေါင်းဆောင်များအား တိုက်တွန်းပါကြောင်း"* ထုတ်ပြန်ပြောဆိုခဲ့ပါသည်။ တပ်မတော်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းကလည်း *"တပ်မတော်အနေဖြင့် ၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့မှစ၍ အပစ်ရပ်ကာလ၊ ၄လ ကြေညာထားခဲ့သည်မှာ အခုဆိုလျှင် ၂လတာ ကာလအထိရောက်ရှိခဲ့ပြီဖြစ်သော်လည်း တပ်မတော်ညှိနိုင်းရေးအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ကြား ဆွေးနွေးမှု မစတင်နိုင်သေးကြောင်း။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း ဖေဖေါ်ဝါရီလ(၁၂)ရက် နောက်ဆုံးထား၍ သတ်မှတ်နယ်မြေသို့ပြန်လည်ဆုတ်ခွာပေးကြပါရန်"* သတိပေးပြော ကြားခဲ့ပါသည်။

ထိုသို့ သတိပေးပြောကြားပြီးနောက် ဖေဖော်ဝါရီလအတွင်း တပ်မတော်နှင့် SSPPတို့ တွေ့ဆုံပွဲတွင် တိုက်ပွဲများ လျော့ချနိုင်ရေးကို ဆွေးနွေးသဘောတူခဲ့ကြောင်းကို SSPP၏ ပြောခွင့်ရ ဗိုလ်မှူးစိုင်းဖုန်းဟန်မှ ပြောခဲ့ပါသည်။ တပ်မတော် သတင်းထုတ်ပြန်ချက်အရလည်း အပစ်ရပ်လေးလကာလ နောက်ပိုင်းတွင် တိုက်ပွဲများ လျော့နည်းလာခဲ့သည်ဟု ထုတ်ပြန် ခဲ့ပါသည်။ တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားသောစစ်ပွဲများတွင် အဓိကအချက်မှာ နယ်မြေလုစစ်များသာ ဖြစ်သည်ဟုဆို ရပါမည်။ မြောက်ပိုင်းမဟာမိတ်တွင်ပါသော TNLAနှင့် RCASSကြားမှ တိုက်ပွဲများသည် နယ်မြေအပေါ် အခြေခံ၍ ဖြစ်ပွား ခြင်း ဟုဆိုပါသည်။

**စစ်ပွဲများနှင့်လူ့အခွင့်အရေးဆုံးရှုံးမှု**

လေးလတာအပစ်ရပ်ကာလအတွင်း စစ်ဖြစ်ပွားရာနယ်မြေများ၌ နစ်နာဆုံးရှုံးမှုအများဆုံး အကြောင်းတရပ်မှာ ထိုဒေသရှိ လူထု၏ လူ့အခွင့်အရေး ဆုံးရှုံးမှုပင်ဖြစ်သည်။ တပ်မတော်ဘက်ကလည်း ကျူးလွန်သည်တို့ ရှိသကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင်ဘက်မှလည်း ကျူးလွန်သည်တို့ ရှိခဲ့ဖူးသည်။ ထို့အပြင် BGFနှင့် ပြည်သူ့စစ်တို့မှလည်း ကျူးလွန်ခဲ့သည်တို့ ရှိခဲ့ပါသည်။ လူ့အခွင့်အရေး ဆုံးရှုံးနစ်နာမှုဆိုရာတွင် နှစ်ဘက်လက်နက်ကိုင်အဖွဲ့၏ ခေါ်ယူစစ်ဆေးဖမ်းဆီးခံရခြင်း၊ ကြောက်ရွံ့သဖြင့် စစ်ဘေးလွတ်ရာရှောင်ရှားနေရခြင်း၊ လက်နက်ထိမှန်၍ သေဆုံးခြင်း၊ မတရားလူသစ်စုဆောင်းခံရခြင်း၊ အရွယ်ရောက်သူ အမျိုးသမီးငယ်များ အဓမ္မပြုကျင့်ခံရခြင်း၊ ပေါ်တာဆွဲခြင်း၊ ငွေကြေးမတရားကောက်ခံခြင်း၊ ဘဝလုံခြုံမှုကို မခံစားရခြင်းတို့ပါဝင်သည်။ ဤသည်တို့မှာ စစ်တလင်း ဖြစ်ရာဒေသတိုင်းတွင် အမြဲလိုလိုကြုံတွေ့နေရသောဖြစ်ရပ်များသာဖြစ်သည်။

သာဓကအနေဖြင့်ကြည့်လျှင် ၂၀၁၉ခုနှစ် မတ်လ ၄ရက်နေ့က ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSSနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ SSPPတို့ ရှမ်းမြောက်ရှိ သီပေါနယ်၊ မန်လီကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် ရှမ်းလူထု ၁၀၀၀ကျော် စစ်ဘေးရှောင်ခဲ့ကြရသည့်အပြင်၊ အရပ်သား၁၀ဦးလည်း ပျောက်ဆုံးနေခဲ့သည်ဟု သတင်းတရပ်က ဆိုပါသည်။ ဇန်နဝါရီလအတွင်းကလည်း ပင်လုံကျေးရွာမှ ရပ်ကွက်(၅)ခု၊ ကျေးရွာ(၆)ရွာရှိ အိမ်ထောင်စုပေါင်း၃၆၀အတွက် တအိမ်လျှင် ငွေကျပ်၂၅၀၀၀နှုန်းဖြင့် စုစုပေါင်းကျပ်သိန်း၉၀ကို တောင်းခံရာ ဒေသခံ လူထုအနေဖြင့် မပေးနိုင်သောကြောင့် ရွာသူရွာသားများစုပေါင်းပြီး အစိုးရဌာနများ၊ လူမှုအခြေပြု အဖွဲ့အစည်းများ၊ နမ္မတူမှ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် RCSSတို့ထံစာပို့၍ အကူညီတောင်းကြောင်း သတင်းတရပ်က ဆိုခဲ့ပါသည်။ ဤသည်တို့မှာလည်း လူထုအားဝန်ပိစေပြီး လူ့အခွင့်အရေးဆုံးရှုံးမှုကို ဖြစ်ပေါ်စေခြင်းပင်ဖြစ်သည်။

ဤဖြစ်စဉ်များတွင် NCAမထိုးသော ဒေသတွင်သာမက NCAထိုးထားသောဒေသများပါ တိုက်ပွဲများဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။ KNU၏ တပ်မဟာ(၇)၊ တပ်မဟာ(၅)တို့နှင့် မြန်မာ့တပ်မတော်တို့၏ တိုက်ပွဲဖြစ်ပွားမှုကိုလည်း တွေ့ရပါသည်။ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကော်စဲခိုရွာအနီး၌ မြန်မာ့တပ်မတော်မှ ယာဉ်များကို KNUအဖွဲ့မှ မိုင်းထောင်ခြင်းနှင့် ပစ်ခတ်ခြင်းများလုပ်သဖြင့် တပ်သားတဦးကျဆုံးကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ ဇန်ဝါရီလ၁၇ရက်နေ့တွင် မြေတူးစက်များဖြင့် လမ်းဖောက်နေစဉ် KNUမှ(၄)ယောက်က လက်နက်ဖြင့် လာရောက်ပစ်ခတ်ကြောင်း၊ ၁၈ရက်နေ့တွင် ရိက္ခာလာပို့သောလမ်းကြောင်းကားအား မိုင်းထောင်ဖေါက်ခွဲ၍ KNU အင်အား၂၀ခန့်မှ ပစ်ခတ်သဖြင့် စစ်သည်တဦးကျဆုံးခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

တဆက်တည်း သတင်းထုတ်ပြန်ရာတွင် KNUမှ ဆက်ကြေးကောက်ခံမှုတကြိမ်။ တပ်မတော်အား ချောင်းမြောင်းပစ်ခတ်မှု(၉)ကြိမ်။ ကားမိုင်းနှစ်ကြိမ် စည်းဖောက်ကျူးလွန်ခဲ့သည်ဟုဆိုပါသည်။ အဆိုပါထုတ်ပြန်ချက်နှင့် ပတ်သက်ပြီး

KNU အထွေထွေအတွင်းရေးမှူး ဖဒိုစောတာဒိုမူးက "တပ်မတော်သတင်းထုတ်ပြန်မှုဟာ စွပ်စွဲမှု သက်သက်သာဖြစ်ကြောင်း၊ NCA ကို KNUက အကြိမ်ကြိမ်ချိုးဖောက်နေသည် ဆိုသည်မှာမမှန်ကန်ကြောင်း။ တပ်မတော် အနေဖြင့် NCA အပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်များ မတူညီသည်ကို လက်ခံရန်လိုအပ်ကြောင်း။ ဆွေးနွေးဖက်များ၏ ရပ်တည်မှုကိုလေးစားကာဘုံနားလည်မှု ရရှိရေးကိုရှေးရှုသည့် အကောင်ထည်ဖေါ်မှုစတင်ရန် လိုအပ်ကြောင်းတို့ကို ရှင်းပြတောင်းဆိုခဲ့ပါသည်။

ထို့နောက်ဆက်လက်၍ ဖဒိုစောတာဒိုမူးက ဆက်ကြေးကောက်ခံမှုဆိုသော အချက်နှင့်ပတ်သက်၍လည်း "KNU အနေဖြင့် ပြည်သူ့ထောက်ပံ့မှုနှင့် ရပ်တည်နေသော အဖွဲ့ဖြစ်ကြောင်း။ နယ်မြေဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်များ စီမံခန့်ခွဲရန် ပြည်သူထံမှ သတ်မှတ်ချက်နှင့်အညီ ပံ့ပိုးမှုများ ရယူခြင်းဖြစ်ကြောင်း။ ဆက်ကြေးကောက်ယူသည်ဟု တပ်မတော်မှ စွပ်စွဲခြင်းသည် တပ်မတော်ဘက်မှ NCA စာချုပ်ပါအခန်း(၃) ကိုကျူးလွန်ခြင်းဖြစ်ကြောင်း။ စာချုပ်ပါ အခန်း(၆)၊ အပိုဒ်၂၅ (က)အရ အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် တာဝန်ယူမှုကို အသိအမှတ်ပြုသဘောတူထားပြီး ပုဒ်မ၅နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် တောင်းဆိုခဲ့သော်လည်း နယ်မြေသတ်မှတ်မှုကိစ္စဆောင်ရွက်နေဆဲဖြစ်သဖြင့် အကောင်ထည်မဖော်နိုင်သေးကြောင်းပြောကာ ဆွေးနွေးမှုကို ငြင်းဆိုခဲ့ကြောင်း ရှင်းလင်းပြောဆိုခဲ့ပါသည်။

ထို့အပြင် အပစ်ရပ်ကာလအတွင်း NCA လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်းကြားတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများမှာလည်း နယ်မြေကန့်သတ်ပိုင်းခြားမှု ပြဿနာတွင် အခြေခံနေကြောင်း တွေ့ရှိရသည်။ သာဓကအဖြစ်ကြည့်လျှင် မကြာသေးမီကဖြစ်ပွားခဲ့သော KNUနှင့် NMSPကြားရှိ စစ်ရေးပဋိပက္ခများ သည်လည်း နယ်မြေဆိုင်ရာကန့်သတ်ပိုင်းခြားမှုပင်ဖြစ်သည်။ ဧပြီလ ၂၉ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဒဒိန် ကျေးရွာအနီးတွင် ၎င်းတို့နှစ်ဖွဲ့ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပါသည်။ထိုဒေသရှိတောင်ပေါက်၂၄ရွာနယ်မြေအား မွန်ပြည်သစ်ပါတီ (NMSP)နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)တို့ ပူးတွဲအုပ်ချုပ်ရေးနယ်အဖြစ် ယနေ့တိုင်အုပ်ချုပ်နေသည်။ ဒဒိန်ကျေးရွာမှာ မွန်ပြည်သစ်ပါတီ အုပ်ချုပ်မှုအောက်တွင် နေထိုင်ကြကြောင်း တာဝန်ရှိသူတို့မှ ပြောကြားသည်ဟုဆိုပါသည်။

NMSPနှင့် KNUတို့၏ နယ်မြေလုစစ်ပွဲမှာ ၁၉၈၈ခုနှစ်ကတည်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ရက်ပေါင်း ၂၀ ကျော်ကြာအောင် နှစ်ဘက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ အရပ်သားအပါအဝင် လူပေါင်း၂၀၀ခန့် သေဆုံးခဲ့သည်ဟု သတင်းများတွင် ဖော်ပြခဲ့ပါသည်။ တကျော့ပြန်စစ်ပွဲကိုမူကား ၂၀၁၆ခုနှစ်တွင် ပြန်စတင်ခဲ့ပါသည်။ ထိုစဉ်ကလည်း ရေဖြူဘက်တွင် သစ်ခုတ်သည့်ကိစ္စကို အကြောင်းပြု၍ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ ၂၀၁၆ခုနှစ်မှ ယနေ့အထိ ၎င်းတို့၏ နယ်မြေသတ်မှတ်မှုကို အကြောင်းပြု၍ တကျော့ပြန် စစ်ပွဲဖြစ်ပွားမှုမှာ ၁၉ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်ဟု သတင်းဌာနများတွင် ဖော်ပြခဲ့သည်။

ဖော်ပြပါအချက်တို့ကို ကြည့်ခြင်းဖြင့် NCAတွင်လက်မှတ်မထိုးရသေးသော အဖွဲ့များသာမက လက်မှတ်ထိုးပြီးသား အဖွဲ့များတွင်လည်း နယ်မြေသတ်မှတ်နိုင်မှု တိကျသေချာစွာမရှိသေးကြောင်း တွေ့ရပါသည်။ လက်မှတ် မထိုးရသေးသော

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွင်း နယ်မြေကျော်လှုပ်ရှားမှုဟူ၍ တပ်မတော်မှသုံးစွဲနေသော ဝေါဟာရ အပေါ်တွင်လည်း "**နယ်မြေကိုမည်သို့သတ်မှတ်သနည်း**" ဆိုသောအချက်မှာလည်း စဉ်းစားဖွယ်ရာ ဖြစ်လာပါသည်။ မည်သို့ပင်ဆိုစေ လက်ရှိဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေနေနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် ကိုလေ့လာကြည့်လျှင် တိုင်းရင်းသားတို့၏ ပြည်နယ်အသီးသီးအတွက် နိုင်ငံရေးပထဝီဝင် (Political Geography) အသီးသီးကို ခိုင်မာ တိကျအောင် ရေးဆွဲထားခြင်း မရှိသေးသဖြင့် တိုင်းရင်းသားအချင်းချင်း နယ်မြေလုစစ်တို့ ဆက်လက်ဖြစ် ပွားနေဦးမည်သာ ဖြစ်သည်။ ထိုသို့ဆက်လက်ဖြစ်ပွားနေပါက ထိုဖြစ်ပွားရာ စစ်တလင်းပြင်ရှိ ပြည်သူလူထုမှာလည်း လူ့အခွင့်အရေး ချိုးဖောက်ခံရပြီး ဆုံးရှုံးနစ်နာနေဦးမည်သာဖြစ်ပါသည်။

**တဖက်သတ် အပစ်ရပ်ကြေညာချက်က ငြိမ်းချမ်းရေးအတွက် ထိရောက်မှုရှိသလား**

တဖက်သတ်အပစ်ရပ်ကြေညာချက်ကို ၂၀၁၈ခုနှစ် ဒီဇင်ဘာ(၂၁)ရက်နေ့မှစ၍ လေးလတာထိ ထုတ်ပြန်ခဲ့သော်လည်း ထိုကြေညာချက်တွင် AAအဖွဲ့၏ အဓိက လှုပ်ရှားမှုဒေသဖြစ်သည့် ရခိုင်ပြည်နယ်အတွင်း သက်ရောက်မှု မရှိပေ။ ရက္ခိုင်တပ်မတော် (AA)နှင့် မြန်မာတပ်မတော်တို့ အပစ်ရပ်ကာလ ၄လတာအတွင်း တိုက်ပွဲပေါင်း(၁၂၀)ကျော်ဖြစ်ပွားခဲ့သည်ဟု မြန်မာတပ်မတော်သတင်းထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ငြိမ်းချမ်းခရီးတွင် အားလုံးပါဝင်ရေး (All Inclusive)ကို တောင်းဆိုနေသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ရက္ခိုင်အဖွဲ့ ကျန်နေခြင်းအပေါ် ဝေဖန်ခြင်းတို့ရှိခဲ့သည်။

အပစ်ရပ်နယ်မြေများဖြစ်သည့် စစ်တိုင်းကြီး၅တိုင်းနယ်မြေအတွင်း တိုက်ပွဲဖြစ်ပွားမှုအခြေနေမှာစတင် ကြေညာသည့်မှ နှစ်လအတွင်း တင်းမာပြင်းထန်ခဲ့သော်လည်း နှစ်လကျော်ပြီးနောက် တိုက်ခိုက်မှုများလျော့ပါးခဲ့သည်ဟု နိုင်ငံရေးအကဲခတ် ပုဂ္ဂိုလ်အချို့နှင့် ဒေါက်တာတူးဂျာတို့ကပြောဆိုခဲ့သည်။ ဒေါက်တာတူးဂျာက "*တဖက်သတ်အပစ်ရပ်ကြေညာချက်ဟာ ငြိမ်းချမ်းရေးအတွက် အထောက်ကူဖြစ်တယ်လို့ ပြောချင်တယ်။ တိုက်ပွဲရပ်တာ၊ သေနတ်သံကျဲသွားတယ်ဆိုတာ ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းတွေပါ။ လေးလပြီးတော့ ထပ်တိုးနှစ်လထပ်တိုးတယ် ဆိုတော့ တွေ့ဆုံဆွေးနွေးပွဲတွေမှာ ပိုလို့အလားအလာကောင်း အဖြေကောင်းတွေ ထွက်ပေါ်လာမယ်။ အဲဒီအခါကျရင် ခိုင်မာတဲ့ အပစ်ခတ်ရပ်စဲရေး ပေါ်ပေါက်လာနိုင်တယ်လို့*" ယူဆကြောင်း ပြောကြားခဲ့ပါတယ်။

သို့သော်အပစ်ရပ်ကြေညာချက်တွင် ရက္ခိုင်တပ်မတော် (AA) မပါဝင်ခြင်းသည်လည်း ငြိမ်းချမ်းရေးလမ်းဖြောင့်ဖြူးမှုအတွက်တော့ အဟန့်အတားဖြစ်နိုင်ကြောင်း။ ရခိုင်အရေးကိုလည်း တွေ့ဆုံဆွေးနွေးပွဲဖြင့်သာ အဖြေရှာစေလိုကြောင်း။ တပ်က သဘောထားမှန်မယ်ဆိုရင် တတိုင်းပြည်လုံး အပစ်ရပ်ကြေညာရမှာဖြစ်ကြောင်း။ ထိုအတွက် တပ်က သဘောထားတင်းမာမှုကို လျော့ချဖို့လိုကြောင်း။ NCA လမ်းကြောင်းအတိုင်း သွားနိုင်ရန် တပ်သည်တဖြေးဖြေး နိုင်ငံရေးမှ ဆုတ်ခွာနေကြောင်းကို လူထုနဲ့ လက်နက်ကိုင်တွေ ယုံကြည်ဖို့လိုကြောင်း သတင်းဌာနများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့ပါသည်။

စစ်တိုင်းကြီး၅တိုင်း အပစ်ရပ်ကြေညာချက်သည် တပ်မတော်ဘက်မှ တဖက်သတ်ကြေညာခဲ့သော်လည်း ရ ခိုင်မပါဝင်ခြင်းအပြင် NCAတွင် လက်မှတ်ထိုးပြီးသော နယ်မြေများတွင်ပါ ပစ်ခတ်မှုလုံးဝရပ်ဆိုင်းသွားခဲ့သည်ဟု မဆိုနိုင်ပေ။ NCA မထိုးရသေးသော အပစ်ရပ်ကြေညာရာတွင် ပါဝင်သော ရှမ်းမြောက်ဒေသတွင် တိုက်ပွဲများလျော့ပါး၍ တွေ့ဆုံဆွေးနွေးမှုများ ရှိနေခြင်းအပေါ်တွင် အကောင်းဘက်မှ ရှုမြင်နိုင်ပါသည်။ သို့ရာတွင် NCA လက်မှတ်ထိုးပြီးသော နယ်မြေများ၌ ဖြစ်ပွားသော စစ်ပွဲများနှင့် နယ်လုစစ်များသည် နယ်မြေကိုတိကျခိုင်မာစွာ တည်နေရာမသတ်မှတ်နိုင်သေးသော နိုင်ငံရေး

ပထဝီဝင် မရှိသေးခြင်း၏ အားနည်းချက်ဟု ဆိုနိုင်ပါသည်။ ထိုအားနည်းချက်သည် မြောက်ပိုင်းမဟာမိတ်အဖွဲ့ များ တွင်လည်း တွေ့ရှိရပါသည်။

ဆက်ကြေးကောက်ခံခြင်းနှင့် နယ်မြေကျော်လွန်လှုပ်ရှားခြင်း၊ ဒေသတွင်းရှိ ဒေသခံပြည်သူတို့အပေါ် လူ့အခွင့်အရေး ကျူးလွန်မှု ဖြစ်ပေါ်စေခြင်းတို့သည် ထိုစစ်ပွဲ၏ ဘေးထွက်ဆိုးကျိုးများပင် ဖြစ်ပါသည်။ **ဤသို့ဖြစ်ပေါ်ရခြင်း၏ အခြေခံ အကြောင်းတရားသည် တိုင်းရင်းသား နယ်မြေအသီးသီးရှိ ဒေသအသီးသီး၏ တည်နေရာနယ်မြေအပိုင်းအခြား မရှိသေး ခြင်းပင်ဖြစ်သည်။ တနည်းဆိုရသော် နိုင်ငံရေးပထဝီဝင်(Political Geography)တရ ကင်းမဲ့နေခြင်း သည် အခြေခံ အကြောင်းတရားပင် ဖြစ်ပါသည်။ NCA မထိုးရသေးသော ဒေသများနှင့်ထိုးပြီးသော ဒေသများပါ ထိုအချင်းအရာများ ကင်းပနေသည်ကို တွေ့ရသည်။**

ထို့အပြင် NCA ထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားတွင် အဆိုပါအချင်းအရာများဖြစ်ပေါ်ရခြင်းမှာ NCA၏ အားနည်းချက်ဟု အချို့ကဝေဖန်သုံးသပ်ကြပါသည်။ NCA ဆွေးနွေးစဉ်က အပစ်ရပ်နယ်မြေ သတ်မှတ်ရန် ပါရှိသော်လည်း ယနေ့ထိ မသတ်မှတ်နိုင်သေးသည့်အပြင် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များလည်း မချမှတ်နိုင်သေးဟု ဆိုပါသည်။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ဖွဲ့စည်းထားသော်လည်း ၎င်းတို့အနေဖြင့် လုပ်ပိုင်ခွင့်နည်းပါးကြောင်းကို (JMC-U)၏ အတွင်းရေးမှူး(၁)ရွှေခါးက

*"နယ်မြေသတ်မှတ်မှု၊ တပ်ချထားမှုတွေအတွက် ဆွေးနွေးဖို့ နှစ်ဘက်စလုံးက (တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ) တွန့်ဆုတ်နေကြတယ်။ ကရင်နယ်တခုတည်းကိုပဲ ကြည့်မည်ဆိုရင်၊ ထိန်းချုပ်နယ်မြေကို သူတို့ သတ်မှတ်လိုက်ပြီ ဆိုပါတော့။ ဒါပေမယ့် ကရင်က တဖွဲ့တည်ရှိတာမဟုတ်ဘူး။ အပစ်ရပ်နယ်မြေမှာ ဘယ်လိုလိုက်နာ၊ ဘယ်လိုလုပ်ရမယ်ဆိုတာ ပါပြီးသား။ ရှိပြီးသား။ ဒါပေမယ့်အစိုးရကို ဆက်တိုက်နေမယ့် အဖွဲ့ရှိရင် ဘယ်လိုလုပ်မလဲ။ ဒီလိုအချက်တွေရှိနေတယ်။ ရှမ်းမှာကြည့်ရင် RCSSမှာ အပစ်ရပ်နယ်မြေလား။ ထိန်းချုပ်နယ်မြေလား လုပ်မယ်ဆိုရင် အခြား လက်နက်ကိုင်အဖွဲ့စည်းက သွားရောက်ခိုလှုံတာမျိုး လုပ်လာနိုင်တယ်။ ဒီတော့တပ်ဘက်ကလည်း အခက် အခဲရှိတယ်။ JMC-Uဟာ အခြားလက်နက်ကိုင် အချင်းချင်းကြားမှာ လုပ်ပိုင်ခွင့်မရှိဘူး"* ဟုပြောကြား ခဲ့ပါသည်။

JMC-U အတွင်းရေးမှူး(၁) ရွှေခါး၏ ပြောကြားချက်များသည် ယနေ့ကြုံတွေ့ရင်ဆိုင်နေရသော နယ်မြေသတ် မှတ်မှုဆိုင်ရာ အခက်အခဲများဖြစ်သကဲ့သို့ NCA ထိုးပြီးအဖွဲ့များနှင့် မထိုးရသေးသောအဖွဲ့များကြားတွင်လည်း ရင်ဆိုင် နေရသော အခက်အခဲများပင်ဖြစ်ပါသည်။ အပစ်ရပ်ကာလ မည်မျှပင်တိုး၍ ပေးသော်လည်း တိကျသော တည်နေရာ နယ်နမိတ် အပိုင်းအခြား မရှိသေးသရွေ့ NCAကို လက်မှတ်ထိုးပင်ထိုးသော်ငြားလည်း နယ်မြေပြဿနာဆိုင်ရာ အငြင်းပွား မှုကား ရှိနေအုံးမည်သာဖြစ်သည်။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ (JMC-U)တို့ အနေဖြင့်လည်း ဖြေရှင်းပေးနိုင်မဟုတ်ဟု ဆိုပါသည်။ ထို့ကြောင့် အပစ်ရပ်လေးလ

တာရပ်ဆိုင်း၍ NCAတွင်လက်မှတ်ထိုးနိုင်စေကာမူ နယ်မြေပိုင်းခြားမှု သဘောတူအဆင့်ရောက်မှသာ ထာဝရငြိမ်းချမ်းရေးကို ဦးတည်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြ လိုက်ရပါသည်။

## ကျမ်းကိုးစာရင်း


ကျော်ဝင်း(ဒေါက်တာ)။ (၂၀၁၆)။ *တောင်ကြီးညီလာခံဖက်ဒရယ်မူနှင့် ပြည်နယ်ပြည်မညီလာခံ*။ ရန်ကုန်၊ ခေတ်ပြတိုက်စာပေ။

ကျော်ဝင်း၊ ဦး၊ မြဟန်၊ ဦး ၊ သိန်းလှိုင်၊ ဦး။ (၁၉၉၁)။ *၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး(တတိယတွဲ)*။ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။

စံပြိမ်း၊ ဦး၊ မြင့်ကြည်၊ ဒေါ်(ဒေါက်တာ)။ (၁၉၉၁)။ *၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး(ပထမတွဲ)*။ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။

စံပြိမ်း၊ ဦး၊ မြဟန်၊ ဦး။ (၁၉၉၃)။ *မြန်မာ့နိုင်ငံရေး စနစ်ပြောင်းကာလ၁၉၆၂-၁၉၇၄ (ဒုတိယတွဲ)*။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး၊ (တောင်ကြီး)။ (၂၀၁၃)။ *ဖက်ဒရယ်မူဆိုတာဘာလဲ*။ ရန်ကုန်၊ နေရီရီစာအုပ်တိုက်။

နိုင်ဦး။ (၂၀၁၅)။ *ပအို့ဝ်လက်နက်ကိုင် တော်လှန်ရေး*။ ရန်ကုန်၊ ယဥ်မျိုးစာပေ။

ဖူးစကောလယ်တော။ (၂၀၁၇)။ *ကရင့်တော်လှန်ရေးသမိုင်း*။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (ဗဟို) စည်းရုံးရေးနှင့် ပြန်ကြားရေးဌာန။

ဖူးကီးဒို။ (၂၀၁၄)။ *မန်းဘဇန်နှင့် ကရင့်တော်လှန်ရေး*။ ရန်ကုန်၊ သင်းစာပေ။

မြဟန်၊ ဦး ၊ သိန်းလှိုင်၊ ဦး(ပြုစုသူ)။(၁၉၉၁)။ *မြန်မာ့နိုင်ငံရေး(စတုတ္ထတွဲ)*။ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။

မြဟန်၊ ဦး နှင့် အဖွဲ့။ (၁၉၉၃)။ *မြန်မာ့နိုင်ငံရေး စနစ်ပြောင်းကာလ၁၉၆၂-၁၉၇၄ (ပထမတွဲ)*၊ ရန်ကုန်၊တက္ကသိုလ်များပုံနှိပ်တိုက်။

မြင့်ကြည်၊ဒေါ်(ဒေါက်တာ)နှင့် နော်အင်ဂျလင်း(ဒေါက်တာ)။ (၁၉၉၁)။ *မြန်မာ့နိုင်ငံရေး(ဒုတိယတွဲ)*။ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။ ဒုတိယအကြိမ်။

မောင်မောင်၊ ဗိုလ်မှူးချုပ် (ဟောင်း)။ (၂၀၁၈)။ အိမ်စောင့်အစိုးရ (ရှုထောင့်အချို့မှ ဒီမိုကရေစီကို စမ်းသပ်ခြင်း)- စည်သူကျော် (မြန်မာပြန်ဆိုသူ) Some Aspects of the "Care-Taker Government" (An experiment in Democratic Process)။ ရန်ကုန်၊ ရန်ကုန်လမ်းမများစာပေ။

မောင်မောင်စိုး။ (၂၀၁၇)။ *ရှမ်းတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တိုင်းရင်းသားအရေး တိုင်းရင်းသားအတွေး*။ ရန်ကုန်၊ Ethnic Studies Center။

မောင်မောင်စိုး။ (၂၀၁၆)။ *ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၏ ပြဿနာဆောင်းပါးများ*။ ရန်ကုန်၊ ရန်အောင်စာပေ။

သန်းစိုးနိုင်။ (၂၀၁၇)။ *၂၀ရာစုမှသည် ၂၁ရာစုပင်လုံဆီသို့*။ ရန်ကုန်၊ Ethnic Studies Center။

လုံဂျဲတူးရော်။ (၂၀၁၆)။ *ကချင်ပြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ*။ ရန်ကုန်၊ ပန်းဝေဝေစာပေ။

ဝင်းတင့်ထွန်း။ (၂၀၁၇)။ *အမှောင်ကြားကဗမာပြည်*။ ရန်ကုန်၊ နွယ်နီစာပေ၊ စတုတ္ထအကြိမ်။

ဝင်းတင့်ထွန်း။ (၂၀၁၆)။ *မလင်းနိုင်သေးတဲ့ ဗမာပြည်၊ လင်းတော့မှာလားဗမာပြည်*။ ရန်ကုန်၊ ယဉ်မျိုးစာအုပ်တိုက်။

အောင်စောဦး။ (၁၉၉၈)။ *လွတ်လပ်ရေးရှေ့ရတု*။ Chaing Mai၊ ပြည်သူ့ဘက်တော်သားများ။

https://www.bbc.com/burmese

https://www.rfa.org/burmese/

https://burma.irrawaddy.com/

http://burmese.dvb.no/

https://www.google.com/search?client=firefox-b-d&q=7daydaily

https://www.ncaseao.org/

https://www.ncaseao.org/blog/nca-s-eao

http://www.president-office.gov.mm/

Abbreviation

| | | |
|---|---|---|
| AA | Arakan Army | ရက္ခိုင်တပ်မတော် |
| ABSDF | All Burma Students' Democratic Front | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ) |
| ALP | Arakan Liberation Party | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ |
| ANC | Arakan National Council | ရခိုင်ပြည်အမျိုးသားကောင်စီ |
| BBC | British Broadcasting Channel/Corporation | ဗြိတိသျှအသံလွှင့်ဌာန |
| BGF | Border Guard Force | နယ်ခြားစောင့်တပ် |
| BSPP | Burma Socialist Programme Party | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ) |
| CNF | Chin National Front | ချင်းအမျိုးသားတပ်ဦး |
| DKBA | Democratic Karem Benevolent Army | ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် |
| EAOs | Ethnic Armed Organizations | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ |
| FPNCC | Federal Political Negotiation and Consultative Committe | ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး အမြဲတမ်းကော်မတီ |
| JMC-U | Union Joint Ceasefire Monitoring Committee | ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ |
| KBC | Kachin Baptist Convention | ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် |
| KIA | Kachin Independence Army | ကချင်လွတ်လပ်ရေးတပ်မတော် |
| KNDO | Karen National Defence Organization | ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ |
| KNPP | Karenni National Prograssive Party | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNU | Karen National Union | ကရင်အမျိုးသားအစည်းအရုံး |
| KPC | Karen Peace Council | ကရင်ငြိမ်းချမ်းရေးကောင်စီ |
| LDU | Lahu Democratic Union | လားဟူဒီမိုကရက်တစ်ပါတီ |
| MIPS | Myanmar Institute for Peace and Security | ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျူ |
| MNDAA | Myanmar National Democratic Alliance Army | မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (ကိုးကန့်) |

| | | |
|---|---|---|
| MPC | Myanmar Peace Center | မြန်မာ့ ငြိမ်းချမ်းရေးစင်တာ |
| NCA | National Ceasefire Agreement | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် |
| NCCT | Nationalwide Ceasefire Coordination Team | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| NDAA | National Democratic Alliance Army | အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် |
| NLD | National League for Democracy | အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ် |
| NMSP | New Mon State Party | မွန်ပြည်သစ်ပါတီ |
| NRPC | National Reconciliation And Peace Center | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန |
| NSCN-K | National Socialist Council of Nagaland-Kha plang | နာဂပြည်အမျိုးသားဆိုရှယ်လစ်ကောင်စီ-ခပ်ပလန် |
| PNLO | Pa-O National Liberation Organization | ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် |
| RCSS/SSA | Restoration Council Of Shan State/Shan State Army | ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်-တောင်ပိုင်း |
| SSPP/SSA | Shan State Progress Party/ Shan State Army | ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် |
| TNLA | Ta’ang National Liberation Army | တအောင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် |
| UNFC | United National Federal Council | ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ |
| UPC | Union Peace Conference | ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ |
| UPDJC | Union Peace Dialogue Joint Committee | ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ |
| UPWC | Union Peace Working Committee | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| UWSA | United Wa State Army | ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် |
| WNO/WNA | Wa National Organization/ Wa National Army | ဝအမျိုးသားအဖွဲ့ချုပ်/တပ်မတော် |